ပူးတွဲ

## Ocean Plastic Turned into an Opportunity in Circular Economy (OPTOCE) စီမံကိန်းတွင် ပါဝင်ဆောင်ရွက်မည့် Project Assistant ၏ တာဝန်ဝတ္တရားများ

Project Assistant သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ လမ်းညွှန်မှုနှင့်အညီ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များအား ဆောင်ရွက်ရမည် ဖြစ်သည်-

(၁) စီမံကိန်းတစ်ခုလုံး၏ စီမံကိန်းလုပ်ငန်းအစီအစဉ် (Work Plan)နှင့် နှစ်အလိုက် စီမံကိန်းလုပ်ငန်း အစီအစဉ် (Annual Work Plan) များကို ရန်ပုံငွေလျာထားချက်များနှင့်အတူ ရေးဆွဲတင်ပြရန်၊ အတည်ပြုချက်ရယူရန်နှင့် လိုအပ်ပါက ပြန်လည် ပြင်ဆင်ရေးဆွဲပြီး အတည်ပြုချက် ရယူရန်၊

(၂) စီမံကိန်းအရ ဖွဲ့စည်းမည့်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ၎င်းအဖွဲ့များ၏ အစည်းအဝေးဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သည်များကို ညှိနှိုင်း ပြင်ဆင်ဆောင်ရွက်ရန်၊

(၃) စီမံကိန်းဆိုင်ရာ လုပ်ငန်းများအတွက် ငွေကြေးရန်ပုံငွေ ရေးဆွဲ သတ်မှတ်နိုင်ရေးအတွက် SINTEFနှင့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်ရန်၊

(၄) အောက်ဖော်ပြပါ စီမံကိန်းလုပ်ငန်းများ အောင်မြင်မှုရရှိစေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ SINTEF ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြင်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ရန်-

(က) မြန်မာနိုင်ငံ၏ ပလတ်စတစ်စွန့်ပစ်ပစ္စည်းထွက်ရှိမှု၊ စီမံခန့်ခွဲမှုတို့နှင့်ပတ်သက်၍ အခြေခံ လေ့လာခြင်း အစီရင်ခံစာအား ပြင်ဆင်ခြင်း၊

(ခ) နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးများအား ကျင်းပခြင်း၊

(ဂ) ဘိလပ်မြေစက်ရုံနှင့် ဆက်စပ်အဖွဲ့အစည်းများနှင့်အတူ စွမ်းဆောင်ရည်မြှင့်တင်ခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများအား ကျင်းပခြင်း။

(ဃ) ဘိလပ်မြေစက်ရုံများရှိ မီးသင်းဖိုများတွင် Co-processing ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာလမ်းညွှန်ချက်များအား ပြင်ဆင်ရေးဆွဲခြင်းနှင့် အပြီးသတ် ရေးဆွဲခြင်း၊

(င) ဘိလပ်မြေစက်ရုံများရှိ မီးသင်းဖိုများတွင် Co-processing ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာလမ်းညွှန်ချက်များအား အပြီးသတ်ရေးဆွဲရန်အတွက် ညှိနှိုင်း ဆွေးနွေးပွဲ ကျင်းပခြင်း၊

(စ) OPTOCE စီမံကိန်းဆောင်ရွက်နေသည့် အခြားမိတ်ဖက်နိုင်ငံများ၏ အောင်မြင်ပြီး အကြောင်းအရာများကို သင်ယူလေ့လာနိုင်စေရန်အတွက် ကျင်းပမည့် ဒေသတွင်း ဆွေးနွေးပွဲများသို့ တက်ရောက်ရန် အဖွဲ့ဝင်အမည်စာရင်း အဆိုပြုခြင်း၊

(ဆ) ဘိလပ်မြေကုမ္ပဏီများမှ စွန့်ပစ်ပစ္စည်းများအား ပြုပြင်သန့်စင်၍ ဘိလပ်မြေစက်ရုံများရှိ မီးသင်းဖိုများတွင် လောင်စာအဖြစ် အသုံးပြုနိုင်သည့်စနစ်များအား ရင်းနှီးမြှပ်နှံနိုင်မည်ဆိုပါက ၂၀၂၂ ခုနှစ်တွင် ဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ်များထဲမှ တစ်ခုဖြစ်သည့် ပြန်လည်ပြုပြင်ထုတ်လုပ်၍မရသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများဖြင့် ရှေ့ပြေးသရုပ်ပြ ဆောင်ရွက်ခြင်း။

(၅) စီမံကိန်းလုပ်ငန်းများနှင့် ဆက်စပ်ပတ်သက်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် SINTEF တို့၏ တောင်းဆိုမှုအရ စီမံကိန်းရည်ရွယ်ချက်များအား အောင်မြင်မှုရရှိစေရန်အတွက် ဆောင်ရွက်ရန်လိုအပ်သောလုပ်ငန်းများအား ဆောင်ရွက်ရန်၊

(၆) အစည်းအဝေးများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ ဒေသအဆင့်ဖိုရမ်များသို့ တက်ရောက်နိုင်ရေးနှင့် ပြည်တွင်းကွင်းဆင်း လေ့လာရေးခရီးစဉ်များ အားလုံးကို စီမံကိန်း လုပ်ငန်းအစီအစဉ် (Work Plan) နှင့်အညီ ပြီးစီးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရန်နှင့် Logistics ပိုင်းဆိုင်ရာကိစ္စများကို စီစဉ်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းအရ ကျင်းပပြုလုပ်သည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများတွင် တက်ရောက်သူများ၏ ဆွေးနွေးအကြံပြု သဘောထားမှတ်ချက်များနှင့်အတူ ဌာနတွင်း အစီရင်ခံစာအား (၁၄) ရက်အတွင်း ပြုစုတင်ပြရန်၊

(၈) စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ ပေးပို့သည့် သဘောထားမှတ်ချက်များ/ အကြံပြုချက်များနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများအား မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး စုစည်းတင်ပြခြင်း၊ အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများအတွက် လိုအပ်သောစာရွက်စာတမ်းများအား မြန်မာဘာသာဖြင့် ပြင်ဆင်ဆောင်ရွက်ခြင်း၊ ပုံနှိပ်ဖြန့်ဝေခြင်း စသည်တို့အား SINTEF နှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၉) စီမံကိန်းအရ ပြုစုရေးဆွဲရမည့် အစီရင်ခံစာ (မူကြမ်း) များ ပြင်ဆင်ခြင်း၊ စာရွက်စာတမ်းများ/ အချက်အလက်များ တိကျမှန်ကန်မှု ရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ရန်၊

(၁၀) စီမံကိန်းဆိုင်ရာ အစီရင်ခံတင်ပြရမည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ငွေကြေးသုံးစွဲရမည့် စီမံကိန်းလုပ်ငန်းများအတွက် ရန်ပုံငွေသုံးစွဲမှုဆိုင်ရာ လိုအပ်သောစာရွက်စာတမ်းများ ပြုစုတင်ပြရန်၊ အသေးစိတ်ခန့်မှန်းကုန်ကျစရိတ်များကို တွက်ချက်၍ ရှင်းလင်းတင်ပြရန်၊ ရန်ပုံငွေသုံးစွဲခွင့် ခွင့်ပြုချက် ရယူရန်၊ အချိန်မီ ကြိုတင်ငွေထုတ်ယူနိုင်ရေး ဆောင်ရွက်ရန်၊ ငွေစာရင်းရှင်းတမ်းအား ပြေစာများနှင့်အတူ ပြည့်စုံမှန်ကန်စွာဖြင့် အချိန်မီ ပြီးစီးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်၊

(၁၁) စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စီမံကိန်းရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စီမံကိန်းညွှန်ကြားရေးမှူးနှင့် စီမံကိန်းဆိုင်ရာတာဝန်ရှိသူအားလုံးကို အချိန်နှင့်တပြေးညီ တင်ပြရန်၊ လစဉ် ပြုစုတင်ပြရန်၊

(၁၂) လိုအပ်ပါက စီမံကိန်းနှင့်ဆက်စပ်ပတ်သက်လျက်ရှိသော အခြားပေါင်းစပ်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်း ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန်၊

(၁၃) စီမံကိန်း ပြီးဆုံးပါက စီမံကိန်းပြီးမြောက်ကြောင်း အစီရင်ခံစာကို လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရန်ပုံငွေသုံးစွဲမှုအခြေအနေများနှင့်အတူ (၁၄) ရက်အတွင်း ပြည့်စုံစွာ ရေးဆွဲတင်ပြရန်၊

(၁၄) စီမံကိန်း ငွေကြေးရန်ပုံငွေအရ အသုံးပြုသည့် စီမံကိန်းအသုံးစရိတ်များကို ပြည်တွင်း/ပြည်ပစာရင်းစစ်များ၏ စစ်ဆေးမှု ခံယူနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရန်၊

(၁၅) ပြန်လည်ပြုပြင်ထုတ်လုပ်၍မရသောပလတ်စတစ်စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေအား ဆုံးဖြတ်နိုင်ရန် အချက်အလက်များ ပြုစုခြင်း၊ မျှဝေခြင်း ဆောင်ရွက်ရန်၊

(၁၆) စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် စာရွက်စာတမ်းများအား စနစ်တကျဖိုင်ဖွင့်၍ နေရာတကျသိမ်းဆည်းရန်။